ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

## အမိန့်ကြော်ငြာစာ

ရန်ကုန်မြို့၊ ၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

အမှတ်၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ(၂၄)အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံးလျက် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ ပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ခရီးသည်ကိုယ်သုံးဝန်စည်ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ခရီးသည်ကိုယ်သုံးဝန်စည်များ

(၁) ခရီးဆောင်အပျော်တမ်းရိုက် ကင်မရာတစ်လုံး၊ ၎င်းနှင့်ဆက်စပ်နေသော အပို ပစ္စည်းတစ်စုံ (Professional ပစ္စည်းများမပါ)၊

(၂) ဂေါက်သီးရိုက်တံတစ်စုံ (Golf Set one set)၊

(၃) စက်ဘီးတစ်စီး၊

(၄) ဆရာဝန်ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ လမ်းခရီးတွင် ခရီးသည်အမှန်တကယ် သုံးစွဲရန် လိုအပ်သည့် တားမြစ်ကန့်သတ်ချက်မရှိသော ကိုယ်သုံးဆေးဝါးများ၊

(၅) နှစ်လီတာထက်မပိုသော အရက်ယမကာမျိုးစုံ၊

(၆) (၁၅၀) ml ထက်မပိုသော ရေမွှေး၊

(၇) လိပ်ရေ(၄၀၀)ထက်မပိုသော စီးကရက်၊ လိပ်ရေ(၅၀)ထက်မပိုသော ဆေးပြင်းလိပ် (၂၅၀)gm ထက်မပိုသော ဆေးတံသောက်ဆေး။

(၈) အမှတ်တရရိုက်ကူးရေးအတွက် ခရီးဆောင် Video Camera သို့မဟုတ် HD Cam သို့မဟုတ် DV Cam ကိရိယာတစ်ခုနှင့် အရံဓါတ်ခဲတစ်စုံ၊

(၉) ခရီးဆောင် Computer တစ်လုံး၊ ယင်းနှင့် ဆက်စပ်ပစ္စည်းတစ်စုံ၊

(၁၀) တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၀ ထက်မပိုသော ခရီးသည်တစ်ဦးကိုယ်ရည်သုံး ဝန်စည်နှင့် အိမ်သုံးပစ္စည်းများ၊

(၁၁) (၄၂) လက်မ TV တစ်လုံး၊

Scanned with CamScanner

(၁၂) မြန်မာနိုင်ငံသားခရီးသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယူဆောင်သွားသော လက်ဝတ်ရတနာများ၊

(ခ) အပိုဒ်ခွဲ(က)ပါ ပစ္စည်းများမှအပ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသော ခရီးသည်တစ်ဦး၏ကိုယ်သုံးအတွက် ယူဆောင် လာသော ပစ္စည်းများ၊ တန်ဖိုးအမေရိကန်ဒေါ်လာ(၅၀၀)ထက်မပိုသော ပစ္စည်းများကို ခရီးသည်ကိုယ်တိုင်အသုံးပြုရန်ဖြစ်သည်ဟု ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်)၎င်းက အာဏာလွှဲအပ်ထားသော အကောက်ခွန်အရာရှိက ယုံကြည်လက်ခံလျှင် အကောက်ခွန် ကင်းလွတ်ခွင့်ရှိသော ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

(ဂ) နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီ များနှင့် ဆက်စပ်၍သော်လည်းကောင်း၊ နိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုနှင့် အခြား လုပ်ငန်းတာဝန်များဆောင်ရွက်ရန် ရောက်ရှိလာသော နိုင်ငံခြားသားများက ယူဆောင် လာသည့် လုပ်ငန်းသုံး Tools & Equipment ပစ္စည်းများကို လုပ်ငန်းပြီးဆုံး၍ နိုင်ငံတော်မှပြန်လည်ထွက်ခွာချိန်တွင် ပြန်လည်ယူဆောင်သွားပါမည်ဟု ကတိခံဝန် ချက်ဖြင့် ယူဆောင်ခွင့်ပြုသည်။

(ဃ) နိုင်ငံခြားတွင်သေဆုံးသွားသော ခရီးသည်တစ်ဦး၏ပစ္စည်းများကို နိုင်ငံတော်အတွင်း ပြန်လည်တင်သွင်းလာပါက အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

၂။ အကောက်ခွန်ဦးစီးဌာန၏ ၁၀-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၅၇-က-၂၀၀၇ ဖြင့် ထုတ်ပြန် ထားသော အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်ထင် ၈/၅
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၅၇-က-၈၅
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေ လ ၈ ရက်
ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

Scanned with CamScanner

- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ကုန်သွယ်ရေးဦးစီးဌာန
- ပြည်တွင်းအခွန်များဦးစီးဌာန
- မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
- အကောက်ခွန်ဦးစီးဌာန -
  - ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)၊ (၂)
  - ညွှန်ကြားရေးမှူးများအားလုံး
  - ဒုတိယညွှန်ကြားရေးမှူးများအားလုံး
  - ပြည်နယ်/ တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးများ
  - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများ
  - OSS နယ်စပ်ဝင်ပေါက်စခန်းများ
  - အမြဲတမ်းစစ်ဆေးရေးစခန်းများ
  - အထူးစီးပွားရေးဇုန်များ
  - ဌာနခွဲများအားလုံး (ကာ၊ ထုတ်သွင်း၊ နယ်၊ စစရ၊ စီမံ၊ ထောက်ပို့၊ ဘဏ္ဍာ၊ MACCS)
  - စီမံဌာနစိတ်(အပို ၁၀ စောင်)
  - ဌာနစိတ်/လုပ်ငန်းစုများ
- ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
- လက်ခံစာတွဲ
- မျှောစာတွဲ

ဇတ်ရှုပြီးမှတ်တမ်း

Scanned with CamScanner